ကာကွယ်ဆေး အချက်အလက် ဖော်ပြချက် BURMESE

# DTaP (ဆုံဆို့နာ၊ မေးခိုင်ရောဂါ၊ ကြက်ညှာချောင်းဆိုး) ကာကွယ်ဆေး - *သင်ဘာကိုသိထားသင့်ပါသလဲ*

Many Vaccine Information Statements are available in Burmese and other languages. See www.immunize.org/vis

ကာကွယ်ဆေး အချက်အလက် ကြေငြာချက်များကို မြန်မာဘာသာနှင့် အခြားသော ဘာသာစကားများတို့ဖြင့် ရရှိနိုင်ပါသည်။ www.immunize.org/vis တွင် ကြည့်ရှုပါ။

## 1 အဘယ်ကြောင့် ကာကွယ်ဆေးထိုးရသနည်း။

DTaP **ကာကွယ်ဆေး** သည် သင့်ကလေးကို **ဆုံဆို့နာ၊ မေးခိုင်ရောဂါ**နှင့် **ကြက်ညှာချောင်းဆိုးတို့မှ ကာကွယ်ပေးနိုင်သည်**။

- **ဆုံဆို့နာ** (D) သည် အသက်ရှူခြင်း ပြဿနာများ၊ သွက်ချာပါဒ နှင့် နလုံး ရောဂါများကို ဖြစ်စေနိုင်သည်။ ကာကွယ်ဆေးမတိုင်မီ ဆုံဆို့နာသည် အမေရိကန် ပြည်ထောင်စုတွင် နှစ်စဉ် ကလေး သောင်းနှင့် ချီ၍ သေဆုံးစေခဲ့သည်။
- **မေးခိုင်ရောဂါ** (T) သည် ကြွက်သားများကို တောင့်တင်းနာကျင်စေသည်။ ယင်းသည် "မေးခိုင်ခြင်း" ကို ဖြစ်စေပြီး သင်သည် သင်၏ ပါးစပ်ကို မဟာနိုင် သို့မဟုတ် မြိုမချနိုင်ဖြစ်သည်။ မေးခိုင်ရောဂါ ဖြစ်သူ 5 ယောက်တွင် 1 ယောက် သေဆုံးသည်။
- **ကြက်ညှာချောင်းဆို** (aP) သည် ချောင်းတဟွပ်ဟွပ်ဆက်တိုက်ဆိုးစေပြီး၊ မွေးကင်းစနှင့် ကလေးများ အတွက် စားခြင်း၊ သောက်ခြင်း၊ သို့မဟုတ် အသက်ရှူခြင်းတို့ကို ခက်ခဲစေသည်။ ယင်းသည် အဆုတ်အအေးမိခြင်း၊ တက်ခြင်း၊ ဦးနှောက်ပျက်စီးခြင်း သို့မဟုတ် သေဆုံးခြင်းကို ဖြစ်စေနိုင်သည်။

DTaP ဖြင့် ကာကွယ်ဆေးထိုးထားသော ကလေးအများစုသည် ကလေးဘ၀ တလျောက်လုံး ကာကွယ်မှု ရရှိနေမည်။ အကယ်၍ မိမိတို့သည် ကာကွယ်ဆေးထိုးခြင်း ရပ်လိုက်ပါက ကလေးအများအပြား ပိုမို၍ ဤရောဂါများ ရရှိမည်။

## 2 DTaP ကာကွယ်ဆေး

ကလေးများသည် အများအားဖြင့် DTaP ကာကွယ်ဆေး 5 ကြိမ် ရရှိသင့်သည်။ အောက်ပါအသက်အရွယ်များတွင် ကာကွယ်ဆေး ရသင့်သည် -

- 2 လ
- 4 လ
- 6 လ
- 15-18 လ
- 4-6 နှစ်

DTaP ကို အခြားသော ကာကွယ်ဆေးများ နှင့် တချိန်တည်း ပေးနိုင်သည်။ ထို့အတူ တစ်ခါတရံတွင် ကလေးသည် DTaP ကို အခြားသော ကာကွယ်ဆေး တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ကာကွယ်ဆေးဖြင့် ဆေးတချောင်းထဲတွင် ပေါင်းစပ်ထိုးနိုင်သည်။

## 3 အချို့သော ကလေးများသည် DTaP ကာကွယ်ဆေး မထိုးသင့် သို့မဟုတ် စောင့်သင့်သည်။

DTaP သည် အသက် 7 နှစ်အောက် ကလေးများ အတွက်သာ ဖြစ်သည်။ DTaP ကာကွယ်ဆေးသည် လူတိုင်းအတွက် သင့်တော်သည်မဟုတ်ပါ-ကိန်းဂဏန်း အနည်းငယ်သော ကလေးများသည် DTaP အစား ဆုံဆို့နာနှင့် မေးခိုင်ရောဂါ သာပါသော မတူသည့် ကာကွယ်ဆေးကို ရရှိသင့်သည်။



U.S. Department of Health and Human Services
Centers for Disease Control and Prevention

သင့်ကလေးသည် အောက်ပါတို့ တစ်ခုခု ဖြစ်ခဲ့လျှင် သင်၏ ကျန်းမာရေး စောင့်ရှောက်သူကို ပြောပြပါ။

- **ယခင်က** DTaP **ဆေးတစ်ကြိမ် ထိုးပြီးနောက် ခါတ်မတည့်သည့် တုန့်ပြန်မှု ဖြစ်ခဲ့ဖူးလျှင်**သို့မဟုတ် **ပြင်းထန်သော အသက်အန္တရာယ် ရှိန်းခြောက်သည်အထိ ခါတ်တုန့်ပြန်မှုတစ်စုံတစ်ရာရှိ**ခဲ့ဖူးခြင်း။
- **DTaP** ဆေးပမာဏ **တစ်ခု ထိုးပြီး 7 ရက်အတွင်းတွင် သတိလစ်မေ့မြောသွားခြင်း သို့မဟုတ် အချိန်ကြာမြင့်စွာ အကြိမ်ကြိမ် တက်ခြင်း**ဖြစ်ခဲ့ဖူးခြင်း။
- **တက်ခြင်းများ သို့မဟုတ် အခြား အာရုံကြောစနစ် ပြဿနာ**ရှိခဲ့ဖူးခြင်း။
- ဂွီလိမ် ဘာရေး **Guillain-Barré Syndrome (GBS) ရောဂါလက္ခဏာစု**ဟု ခေါ်သော အခြေအနေတစ်ရပ် ရှိခဲ့ဖူးခြင်း။
- ယခင်က DTaP သို့မဟုတ် DT ကာကွယ်ဆေးထိုးပြီးနောက်တွင် **ပြင်းထန်စွာ နာကျင်ခြင်း သို့မဟုတ် ဖောရောင်ခြင်း** ဖြစ်ခဲ့ဖူးခြင်း။

အချို့သော ဖြစ်ရပ်များတွင် သင်၏ ကျန်းမာရေး စောင့်ရှောက်သူသည် သင့်ကလေး၏ DTaP ကာကွယ်ဆေး ထိုးမှုကို နောက်တကြိမ်ဆေးခန်းလာသည်အထိ ရွှေ့ဆိုင်းရန် ဆုံးဖြတ်နိုင်သည်။

အအေးမိခြင်း ကဲ့သို့ အသေးစား နာမကျန်းမှုရှိသော ကလေးများသည် ကာကွယ်ဆေး ထိုး၍ရနိုင်သည်။ အသင့်အတင့် သို့မဟုတ် အပြင်းအထန် နေမကောင်းသော ကလေးများ သည် DTaP ကာကွယ်ဆေး မထိုးမီ နေပြန်ကောင်းလာသည်အထိ စောင့်သင့်သည်။

သင့်ကျန်းမာရေး စောင့်ရှောက်သူမှ အသေးစိတ် အချက်အလက်များ သင့်အား ပေးအပ်နိုင်ပါသည်။

## 4 ကာကွယ်ဆေး တုံ့ပြန်မှု အန္တရာယ်များ

- DTaP ထိုးပြီးနောက်တွင် နီရဲခြင်း၊ နာကျင်ခြင်း၊ ရောင်ခြင်း နှင့် ထိလျှင် နာခြင်း ဖြစ်ခြင်းတို့မှာ ပုံမှန်ဖြစ်လေ့ရှိသည်။
- ကိုယ်ပူခြင်း၊ စိတ်ဆတ်ခြင်း၊ မောခြင်း၊ အစားစားချင်စိတ်မရှိခြင်း နှင့် အန်ခြင်းတို့သည် DTaP ကာကွယ်ဆေး ထိုးပြီး 1 ရက်မှ 3 ရက်အတွင်း တစ်ခါတစ်ရံ ဖြစ်တတ်သည်။
- ပိုမိုပြင်းထန်သော ခါတ်တုန့်ပြန်မှု ဥပမာ တက်ခြင်း၊ 3 နာရီနှင့် အထက် ပိုမို၍ မရပ်ပဲ ငိုကြွေးခြင်း သို့မဟုတ် ကိုယ်ပူ အလွန်မြင့်ခြင်း (105 ဒီဂရီ ဖာရင်ဟိုက် အထက်)တို့သည် DTaP ကာကွယ်ဆေးထိုးပြီး တခါတရံမှသာလျှင် ဖြစ်တတ်သည်။ ရှားရှားပါးပါး၊ အထူးသဖြင့် ပိုမို ကြီးသော ကလေးများတွင် သူတို့၏ စတုတ္ထ သို့မဟုတ် ပဥ္စမ အကြိမ် ဆေးပမာဏ ကာကွယ်ဆေးထိုးပြီးနောက် လက်တစ်ခုလုံး သို့မဟုတ် ခြေထောက် တစ်ခုလုံး ရောင်လာတတ်သည်။
- DtaP ကာကွယ်ဆေးထိုးပြီးနောက် အချိန်ကြာမြင့်စွာ တက်ခြင်း၊ သတိလစ်မေ့မြောခြင်း၊ သတိရှိမှုနည်းပါးခြင်း သို့မဟုတ် ပြန်မပြင်နိုင်သည့် ဦးနှောက်ပျက်စီးခြင်းတို့သည် အလွန်ရှားပါးစွာ ဖြစ်လေ့ရှိသည်။

မည်သည့်ဆေးဝါးမဆိုနှင့်ကဲ့သို့ပင် ကာကွယ်ဆေးကြောင့် ပြင်းထန်သော ဒဏ်ရာ သို့မဟုတ် သေဆုံးခြင်းတို့ ဖြစ်နိုင်ခြေမှာ အလှမ်းဝေးလှပါသည်။

## 5 အကယ်၍ ပြင်းထန်သော တုံ့ပြန်မှု ဖြစ်လာလျှင် ဘာလုပ်ရမလဲ။

ဆေးခန်းမှ ကလေးထွက်ခွာပြီးနောက်တွင် ခါတ်မတည့်သည် တုန့်ပြန်မှုတစ်ခု ရရှိနိုင်သည်။ သင်သည် ပြင်းထန်သော ခါတ်မတည့် တုန့်ပြန်မှု လက္ခဏာများ (အနီပြင်ထခြင်း၊ မျက်နှာနှင့် လည်ပင်းများ ဖောင်းလာခြင်း၊ အသက်ရှူမြန်ခြင်း၊ နလုံးခုန်မြန်ခြင်း၊ ခေါင်းမူးခြင်း သို့မဟုတ် အားမရှိခြင်း) သင်မြင်ပါက 9-1-1 သို့ ခေါ်ပြီး ကလေးကို အနီးဆုံး ဆေးရုံသို့ ပို့ပါ။

အခြားသော လက္ခဏာများအတွက် စိတ်ပူပါက သင့်ကလေး၏ ကျန်းမာရေး စောင့်ရှောက်သူထံ ဖုန်းခေါ်ပါ။

ထို့နောက် ထိုဓာတ်မတည့်သည့် တုံ့ပြန်မှုကို Vaccine Adverse Event Reporting System, VAERS (ကာကွယ်ဆေး ဘေးထွက်ဆိုးကျိုး အဖြစ်အပျက် တိုင်ကြားရန် စနစ်) သို့ တင်ပြသင့်သည်။ သင့်ဆရာဝန်သည် ပုံမှန်အားဖြင့် ဤအစီရင်ခံစာကို တင်ပြမည် သို့မဟုတ် သင်ကိုယ်တိုင် လုပ်နိုင်သည်။ **www.vaers.hhs.gov** သို့သွားပါ သို့မဟုတ် **1-800-822-7967**ကို ခေါ်ဆိုပါ။ *VAERS သည် ခါတ်မတည့်မှု ကို အစီရင်ခံရန်အတွက်သာ ဖြစ်သည်။ ယင်းသည် ဆေးဖက်ဆိုင်ရာ အကြံပေးခြင်း မပြုပါ။*

## 6 ကာကွယ်ဆေးကြောင့် ဒဏ်ရာရရှိမှု လျော်ကြေးပေးရေး နိုင်ငံလုံးဆိုင်ရာအစီအစဉ်

National Vaccine Injury Compensation Program, VICP (အမျိုးသား ကာကွယ်ဆေး ထိခိုက်ဒဏ်ရာ လျော်ကြေးပေးရေး အစီအစဉ်) သည် ကာကွယ်ဆေးတစ်ခုခုကြောင့် ဒဏ်ရာရရှိသူအား လျော်ကြေးပေးရန် တည်ထောင်ထားသော ပြည်ထောင်စု အစီအစဉ်တစ်ခု ဖြစ်ပါသည်။ အစီအစဉ်အကြောင်း လေ့လာရန်နှင့် မကျေနပ်ချက်ကို တင်ပြရန်**www.hrsa.gov/vaccinecompensation** သို့သွားပါ သို့မဟုတ် **1-800-338-2382** သို့ခေါ်ဆိုပါ။ လျော်ကြေးတောင်းဆိုရန်အတွက် အချိန်အကန့်အသတ် ရှိပါသည်။

## 7 ထပ်မံသိရှိရန် မည်သို့လေ့လာနိုင်သနည်း။

- သင့်ကျန်းမာရေး စောင့်ရှောက်သူထံ မေးမြန်းပါ။
- သင့်ဆရာဝန် သို့မဟုတ် ပြည်နယ် ကျန်းမာရေးဌာနသို့ ခေါ်ဆိုပါ။
- Centers for Disease Control and Prevention, CDC (ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ဗဟိုဌာန) သို့ ဆက်သွယ်ပါ-
  - **1-800-232-4636** (**1-800-CDC-INFO**) သို့ ခေါ်ဆိုပါ
  - သို့မဟုတ် **www.cdc.gov/vaccines** သို့ သွားပါ

ကာကွယ်ဆေးထိုးထားတဲ့အခြေအနေ၊ ကာကွယ်ဆေး စိစစ်ချက်နဲ့ နောင်မှာ ကာကွယ်ဆေးထိုးသင့်တဲ့အချိန်တို့ကို ဆရာဝန်(တွေ)က တိတိကျကျရနိုင်အောင် (Michigan Care Improvement Registry) မစ်ရှီဂင် ကုသမှု တိုးတက်ကောင်းမွန်ရေး စာရင်းကို အချက်အလက်တွေ ပို့လိုက်ပါမယ်။ ကာကွယ်ဆေးဆိုင်ရာ အချက်အလက်တွေကို ဒီစာရင်းကို ပို့မပေးဖို့ ဆရာဝန်တွေကို တောင်းဆိုပိုင်ခွင့် လူပုဂ္ဂိုလ်တွေမှာ ရှိပါတယ်။

DCH-0469BU
AUTH: P. H. S., Act 42, Sect. 2126.
Translation provided by the Immunization Action Coalition